## Message Nine
## အသင်းတော်၏နက်နဲခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁၀း၇။ ရော၊၁၆း၂၅။ ဧ၊၁း၅၊ ၉၊ ၁၁၊ ၂၂-၂၃။ ၃း၃-၁၁။ ၁ကော၊၆း၁၇

**I. ဧဖက် ၃း၃-၁၁ တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို အသင်းတော်၏နက်နဲခြင်းအဖြစ် တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန်ဖြစ်ကြောင်း ဖွင့်ပြထားသည်။**

**II. ဘုရားသခင်၏ဝှက်ထားသော အကြံအစည်တော်မှာ နက်နဲခြင်းဖြစ်ပြီး၊ ဤနက်နဲခြင်းကို ဖွင့်ဟဖော်ပြခြင်းမှာ ဖွင့်ပြခြင်းဖြစ်သည်။ သမ္မာကျမ်းစာက နက်နဲခြင်းကို ဖွင့်ပြခြင်းဟု ပြောထားသည် - ရော၊၁၆း၂၅။ ဧ၊၃း၃၊ ၅။**

A. ခရစ်တော်၏နက်နဲခြင်းဖြစ်သည့် အသင်းတော်သည် အခြားသောမျိုးဆက်များ၌ ဝှက်ထားခဲ့သော်လည်း၊ ဓမ္မသစ်ခေတ်တွင် ဖွင့်ပြခြင်းရှိခဲ့ပြီဖြစ်သည် - အငယ်၊၅။

B. ဤနက်နဲခြင်းကို ခေတ်ကာလတစ်လျှောက် ဘုရားသခင်၌ ဝှက်ထားခဲ့သည်။ သို့သော် ယခု ဓမ္မသစ်ယုံကြည်သူများ အလင်းထွန်းလင်းခံရကြကာ၊ ထိုအရာကို မြင်နိုင်ကြသည် - အငယ်၊၉။

C. ခရစ်တော်၏နက်နဲခြင်းကို တမန်တော်များနှင့် ပရောဖက်တို့အား ဖွင့်ပြခြင်းအားဖြင့် သူတို့၏ဝိညာဉ်၌ ဖွင့်ပြတော်မူပြီ ဖြစ်သည် - အငယ်၊၅။

1. ရောနှောပေါင်းစည်းထားသော ဝိညာဉ်သည် ခရစ်တော်နှင့် အသင်းတော် နှင့်စပ်လျဉ်းသော ဓမ္မသစ်ဖွင့်ပြခြင်းကို တမန်တော်များနှင့် ပရောဖက်များထံ ဖွင့်ပြပေးခြင်းရှိနိုင်မည့် နည်းလမ်းပင်ဖြစ်သည်။

2. ကျွန်ုပ်တို့၏ဝိညာဉ်သည် ဘုရားဆိုင်ရာဝိညာဉ်တော်နှင့် ရောနှောပေါင်းစည်းသောအခါ၊ ကျွန်ုပ်တို့၏ဝိညာဉ်သည် ခရစ်တော်၏နက်နဲခြင်းကို ဖွင့်ပြခံရသည့်အင်္ဂါဖြစ်လာသည် - ၁ကော၊၆း၁၇။ ဧ၊၁း၁၇၊ ၃း၅။

D. ကျွန်ုပ်တို့သည် ဝှက်ထားသောနက်နဲခြင်း၏ ဖွင့်ပြခြင်းကို သိမြင်လိုလျှင်၊ ကျွန်ုပ်တို့၏အတွင်းလူ၊ ကျွန်ုပ်တို့၏အသစ်မွေးဖွားခံရသော ဝိညာဉ်အထဲသို့ ခွန်အားခိုင်ခံ့မြဲမြံစေရန် လိုအပ်၍၊ ကျွန်ုပ်တို့၏စိတ်နှလုံး၌ ခရစ်တော်အား သူ၏အိမ်တော်ဆောက်လုပ်ရန် အခွင့်ပေးရမည်ဖြစ်သည် - အငယ်၊ ၁၄-၁၇က။

E. ရောမ ၁၆း၂၅ နှင့် ၂၆ ၌ ပေါလုသည် နက်နဲခြင်းကို ဖွင့်ပြခြင်းအကြောင်း ပြောဆိုထားသည်၊ "ရှေးကပ်ကာလပတ်လုံး ဝှက်ထားပြီး နက်နဲရာ၏ဖွင့်ပြခြင်းအတိုင်း ယေရှုခရစ်၏အကြောင်းကို ဟောပြောခြင်းသည် ယခုတွင် ထင်ရှားတော်မူပြီ။"

**III. အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား၏ ထာဝရစီမံကိန်း အဆုံးသတ်အနေဖြင့်၊ သတ္တမတံပိုးသည် မျက်မှောက်နက်နဲရာခေတ်ကို အဆုံးသတ်မည်ဖြစ်သည်၊ ထို့ကြောင့် ဗျာဒိတ် ၁၀း၇ ၌ "ဘုရားသခင်၏ နက်နဲသောအရာသည် ပြည့်စုံပြီ" ဟူ၍ပြောဆိုထားသည်။**

A. "ရုပ်ပါရုံနှင့် ပရောဖက်ကို တံဆိပ်ခတ်ခြင်း" (ဒံ၊၉း၂၄) သည် နက်နဲရာခေတ်ကို အဆုံးသတ်ရန်ဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားသခင်၏နက်နဲခြင်းကို အဆုံးသတ်ရန် ဖြစ်သည် (ဗျာ၊ ၁၀း၇။ ၁တိ၊၃း၉)။

B. အာဒံမှ မောရှေနှင့် မောရှေမှ ခရစ်တော် စသည့်အချိန်ကာလတို့တွင် အရာအားလုံးကို ဖွင့်ပြခြင်း၊ သိသာထင်ရှားခြင်း ရှိစေခဲ့သောကြောင့် ထိုကာလတို့တွင် နက်နဲခြင်းမရှိပေ။

C. မိလေနီနိုင်ငံတော်ကာလ၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌လည်း ထိုကဲ့သို့ပင် ဖြစ်ပေမည်။ ၎င်းတို့၌ အရာခပ်သိမ်းမှာ ထင်ရှားဖွင့်လှစ်ခြင်း ရှိမည်ဖြစ်၍၊ နက်နဲခြင်းရှိတော့မည် မဟုတ်ပေ။

D. ခရစ်တော်ကိုယ်တော်တိုင် (ကော၊၂း၂)၊ အသင်းတော် (ဧ၊၃း၄-၆)၊ ကောင်းကင်များ၏နိုင်ငံတော် (မ၊၁၃း၁၁)၊ ဧဝံဂေလိတရား (ဧ၊၆း၁၉)၊ ခရစ်တော်၏ ကိန်းဝပ်တော်မူခြင်း (ကော၊၁း၂၆-၂၇)၊ နက်နဲခြင်းကာလ၏ အဆုံးဖြစ်သော ရောက်လာမည့် သန့်ရှင်းသူများ၏ ရှင်ပြန်ထမြောက်ခြင်းနှင့် အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း (၁ကော၊၁၅း၅၁-၅၂) စသည့်အရာအားလုံးမှာ နက်နဲခြင်းများဖြစ်၍၊ ခေတ်များတစ်လျှောက်ရှိအချိန်၌ ဝှက်ထားခြင်း ခံရသည် (ရော၊၁၆း၂၅။ ဧ၊၃း၅။ ကော၊၁း၂၆)။

E. သတ္တမတံပိုးမှုတ်သောအခါ၊ ဤနက်နဲခြင်းများအားလုံးမှာ ပြီးမြောက်ပြည့်စုံခြင်း၊ ပြီးစီးခြင်း၊ ပြီးဆုံးသွားခြင်း ရှိလိမ့်မည် ဖြစ်သည်။

F. သတ္တမတံပိုးမှုတ်သောအချိန်တွင် မြေကြီးပေါ်ဘုရားသခင်၏ အမျက်တော် တရားစီရင်ခြင်းသာမက၊ ဘုရားသခင်၏နက်နဲခြင်းသည်လည်း ပြီးဆုံးသွားပြီဖြစ်သည်။

G. ခရစ်တော်၏လူ့ဇာတိခံခြင်းမှ မိလေနိုနိုင်ငံတော်အထိ - အသင်းတော်ခေတ်၊ ကျေးဇူးတော်ခေတ် - ၌ အရာအားလုံးသည် နက်နဲသည်။

1. နက်နဲရာခေတ်၏ အစပြုခြင်းအဖြစ်၊ ခရစ်တော်၏ လူ့ဇာတိခံခြင်းသည် နက်နဲသည် - ၁တိ၊၃း၁၆။
2. ခရစ်တော်သည် ဘုရားသခင်၏နက်နဲခြင်း ဖြစ်သည် - ကော၊၂း၂။
3. အသင်းတော်သည် ခရစ်တော်၏နက်နဲခြင်း ဖြစ်သည် - ဧ၊၃း၄-၆။
   a. ခရစ်တော်သည် နက်နဲခြင်းဖြစ်၍၊ ကိုယ်တော်ကို ထင်ရှားသော ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်သည် ခရစ်တော်၏နက်နဲခြင်းဖြစ်သည်
   b. တစ်ဝိညာဉ်တည်းအဖြစ် ခရစ်တော်နှင့် အသင်းတော်သည် ကြီးမားသော နက်နဲခြင်း ဖြစ်သည် - ဧ၊၅း၃၂။ ၁ကော၊၆း၁၇။
   c. အသင်းတော်ခေတ်၊ နက်နဲရာခေတ်၌ ခရစ်တော်သည် ကိုယ်တော်၏ သတို့သမီးဖြစ်လာမည့် အသင်းတော်ကို တည်ဆောက်နေသည် - မ၊၁၆း၁၈။ ဧ၊၄း၁၆။ ဗျာ၊၁၉း၇-၉။
4. ကောင်းကင်များ၏နိုင်ငံတော်၊ ခရစ်တော်၏ အတွင်း၌ ကိန်းဝပ်တော်မူခြင်းနှင့် သန့်ရှင်းသူများ၏ရှင်ပြန်ထမြောက်ခြင်းနှင့် အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း အားလုံးတို့သည် နက်နဲခြင်းများဖြစ်သည် -မ၊၁၃း၁၁။ ကော၊၁း၂၆-၂၇။ ၁ကော၊၁၅း၅၁-၅၃။

## IV. အသင်းတော်၏နက်နဲခြင်းသည် စကြဝဠာ၌ အဆုံးစွန်သောနက်နဲခြင်းဖြစ်သည်။

A. အသင်းတော်သည် ဘုရားသခင်၏ ထာဝရစီမံကိန်း၌ရှိသော ဝှက်ထားသော နက်နဲခြင်းဖြစ်သည် - ဧ၊၃း၉-၁၁။

1. စကြဝဠာ၏နက်နဲခြင်းသည် ဘုရားသခင်ဖြစ်သည်၊ ဘုရားသခင်၏နက်နဲခြင်းသည် ခရစ်တော်ဖြစ်၍၊ ခရစ်တော်၏နက်နဲခြင်းသည် အသင်းတော် ဖြစ်သည် - က၊၁း၁။ ဗျာ၊၄း၁၁။ ကော၊၂း၂။ ဧ၊၃း၄။
2. ဧဖက် ၃း၄ အရ အသင်းတော်၌ သီးသန့်ဂုဏ်ပုဒ် ရှိသည် - ယင်းမှာ *ခရစ်တော်၏နက်ခြင်း* ဖြစ်သည်။
3. ဓမ္မသစ်မတိုင်မီ ခေတ်များ၌ အသင်းတော်၏နက်နဲခြင်းသည် လူများမှ ဝှက်ထားခြင်းခံရသည်။ ၎င်းကို ဓမ္မသစ်ခေတ်၌ သာလျှင် တမန်တော်များနှင့် ယုံကြည်သူများထံသို့ ဖွင့်ပြခဲ့ခြင်းဖြစ်သည် - အငယ်၊၅။ ကော၊၁း၂၆။
4. အသင်းတော်၏နက်နဲခြင်းသည် ထာဝရအတိတ်ကာလမှ ဓမ္မဟောင်းအချိန်များတစ်လျှောက် ဝှက်ထားခြင်းခံရသော်လည်း၊ ဓမ္မသစ်ခေတ်တွင် ၎င်းသည် ခရစ်တော်၌ရှိသော ယုံကြည်သူများအားလုံးထံသို့ ထင်ရှားခဲ့သည်။
5. ယေရှုရှလင်မြို့သစ်၌ ဘုရားသခင်သည် ကိုယ်တော်ဖန်ဆင်းခဲ့သော လူသား၌ ထာဝရနှင့် ပြည့်ဝသောထင်ရှားခြင်းကို ရရှိမည်ဖြစ်သည်။ ဤအရာသည် စကြဝဠာ၌ အဆုံးစွန်သောနက်နဲခြင်း -အသင်းတော်၏နက်နဲခြင်းဖြစ်သည်- ဧ၊၅း၃၂။
6. ကျွန်ုပ်တို့၏ဝိညာဉ်သည် သန့်စွမ်းပြီး၊ ပညာ၏ဝိညာဉ်နှင့် ဖွင့်ပြခြင်း ပြည့်ဝနေရမည်ဖြစ်သည်၊ သို့မှသာ အသင်းတော်၏ နက်နဲရာကို ကျွန်ုပ်တို့သိမြင်နိုင်မည်ဖြစ်သည် - ၁း၁၇။
7. ခရစ်တော်၏နက်နဲခြင်းနှင့် အသင်းတော်၏နက်နဲခြင်းသည် ကြီးမား၍ နက်ရှိုင်းလှသည်။

B. ကြီးမားသောနက်နဲခြင်းဖြစ်သော ခရစ်တော်နှင့် အသင်းတော်သည် စကြဝဠာ၏အဓိပ္ပာယ်နှင့် လူ့အသက်တာ၏ အဓိပ္ပာယ်ဖြစ်သည် - ဗျာ၊၄း၁၁။ ဧ၊၅း၃၂။

1. လူသားအပါအဝင် အရာအားလုံးကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူသည် ဘုရားနှင့် ရောနှောပေါင်းစည်း၍ အသင်းတော်ကို ထုတ်လုပ်ရန်ဖြစ်သည် - ဇ၊၁၂း၁။ ဧ၊၃း၉။

2. ဘုရားသခင်၏ စိတ်နှလုံးတော် အလိုဆန္ဒသည် ခရစ်တော်၏နက်နဲခြင်း - ခရစ်တော်၏ တိုးပွားခြင်းနှင့် ထင်ရှားခြင်း အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော် - ကို ရရှိရန်ဖြစ်သည် - ၁း၅၊ ၉၊ ၁၁၊ ၂၂-၂၃။
3. ကိုယ်ခန္ဓာတော်အသက်တာသည် ကျွန်ုပ်တို့ဝိညာဉ်ဆိုင်ရာ တွေ့ကြုံခံစားခြင်း၏ အဆုံးစွန်သော ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်သည် - ၅း၃၀။
4. ဘုရားသခင်၌ ခေတ်များတစ်လျှောက်လုံး ဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာ၏ စီမံကိန်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်၏နက်နဲခြင်း ဖြစ်သည် - ၃း၉-၁၀။
5. ခရစ်တော်၏နက်နဲခြင်းနှင့် အသင်းတော်၏နက်နဲခြင်းသည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း ဖြစ်သင့်ပါသည်။ ဤ နက်နဲခြင်းမရှိလျှင်၊ ကျွန်ုပ်တို့၏အသက်တာသည် ခရစ်ယာန်တစ်ယောက်၏ အသက်တာမဟုတ်ဘဲ၊ လူသားဖြစ်ခြင်း ၏ အသက်မျှသာ ဖြစ်မည်ဖြစ်သည် - အငယ်၊၄။ ၁တိ၊၃း၁၅-၁၆။

*© 2024 Living Stream Ministry*